ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၀)ရက်

၁။ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ရည်မှန်းချက်များဖြစ်သော **အာဏာရှင်စနစ်ချုပ်ငြိမ်းပပျောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက်** ပညာရေး အစီအစဉ်များရေးဆွဲချမှတ်လျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာန၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး လတ်တလောဦးစားပေး အစီအစဉ်များနှင့် ပင်မရည်မှန်းချက်များကို ဆွေးနွေးခဲ့ကြပါသည်။

၂။ လတ်တလောအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ အုပ်ချုပ်မှုယန္တရား ပျက်သုဉ်းစေရန် ကြိုးပမ်းနေကြသော CDM ဆရာ၊ဆရာမများ၏ အရေးကို အလေးထားဆွေးနွေးခဲ့ပါသည်။ ဆရာ၊ဆရာမများ၏ စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှု ခိုင်မာစေရန် ကွန်ရက်တည်ဆောက်ခြင်း၊ အထောက်အပံ့ပေးရန် အစီအစဉ်များချမှတ်ခြင်း၊ ဆရာ ဆရာမများအနေဖြင့် အမျိုးသားညီညွတ်ရေး အစိုးရလက်အောက်တွင် တာဝန်ထမ်းဆောင်နိုင်စေရန်၊ ပညာ ဆက်လက်သင်ကြားပေးနိုင်စေရန် စီစဉ်ခြင်း၊ အခြားလိုအပ်သော အကူအညီများပေးခြင်း တို့အတွက် အစီအစဉ်များ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ နယ်မြေမလုံခြုံမှုကြောင့် ဆရာဆရာမများ၏ လုံခြုံရေးအတွက် အာမခံ ချက်ပေးရန် အခက်အခဲများစွာ ရှိနေသော်လည်း **မလျှော့သော ဇွဲလုံ့လဖြင့် တိုင်းပြည်အကျိုး သယ်ပိုးနေကြသော ဆရာ ဆရာမများအား အထူးပင် ချီးကျူးဂုဏ်ပြုပါသည်။ အမျိုးသား ညီညွတ်ရေး အစိုးရ(NUG)၏ ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲပြီး စစ်အာဏာရှင်ကို အပြီးတိုင်ဆန့်ကျင် သွားကြမည်ဟုလည်း ယုံကြည်ပါသည်။** အကြမ်းဖက်စစ်အာဏာရှင်လက်အောက်ရှိ ပညာရေးစနစ်သည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် အဟန့်အတား ဖြစ်စေမည်မှာ ကေန်မုချဖြစ်ပါသည်။

၃။ စွန့်လွှတ်အနစ်နာခံ၍ CDM လှုပ်ရှားမှုများကို ပါဝင်ဆောင်ရွက်နေကြသော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသူ၊ ကျောင်းသား လူငယ်များအားလုံးသည် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံ

တည်ထောင်ရေး၏ သူရဲကောင်းများပင်ဖြစ်သည်။ ကျောင်းများအပါအဝင် စစ်အာဏာရှင် အုပ်ချုပ်မှု ယန္တရား ရပ်တန့်စေရန် ဆောင်ရွက်ရာတွင် **ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူမှု အခွင့်အလမ်း ဆုံးရှုံးမှုများလျော့နည်းစေရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်း လျက်ရှိပါသည်။** ပညာဆက်လက်သင်ယူနိုင်စေရန် အခြေခံလိုအပ်ချက်များကို ပြည့်မီအောင်ဆောင်ရွက် နေခြင်း၊ ဆရာဆရာမများအား သင်ထောက်ကူနှင့် လုံခြုံရေးဆိုင်ရာအထောက်အပံ့များ စီစဉ်ပေးခြင်း၊ အတန်း၊ ဘာသာရပ်အလိုက် အခြေခံ၊ အဆင့်မြင့်၊ သက်မွေးပညာရေးတို့အတွက် ပညာရေး အစီအစဉ်များ အကောင်ထည်ဖော်ခြင်းတို့ကို အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု စံတန်ဖိုးများဖြစ်သော **တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စုံလင်ကွဲပြား မှုကို လက်ခံခြင်း၊ သဟဇာတဖြစ်ခြင်း၊ ညီညွတ်ခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူနည်းစုအခွင့်အရေး ကို ကာကွယ်ခြင်းတို့အပေါ် ခိုင်ခိုင်မာမာ အခြေတည်သည့် ဖက်ဒရယ်ပညာရေး စနစ်ပေါ်ပေါက် လာစေရန် ကြိုးပမ်းသွားမည်**ဖြစ်ပါသည်။ ဖက်ဒရယ်ပညာရေးစနစ် အကောင်အထည် ဖော်နိုင်ရန် အတွက် သက်ဆိုင်ရာ မိတ်ဖက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆွေးနွေး ညှိနှိုင်းဆောင်ရွက် လျက်ရှိပါသည်။ ဤသို့ကြိုးပမ်းရာတွင် အားလုံးပါဝင်နိုင်ရေးသည် အလွန်အရေးကြီးသဖြင့် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ Stakeholder များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပထမအဆင့်အနေဖြင့် ဆောင်ရွက် သွားမည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် **ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနှင့် ကိုက်ညီမည့် ပညာရေးစနစ် တစ်ရပ် ထည့်သွင်းနိုင်လိမ့်မည်**ဟု အခိုင်အမာယုံကြည် ပါသည်။

၅။ ရှေ့ဆက်လုပ်ငန်းစဉ်များအနေဖြင့် **လတ်တလောဦးစားပေးကိစ္စရပ်များကို အလျင်အမြန် လုပ်ဆောင်သွားပါမည်။** ထို့အပြင် ဝန်ကြီးဌာန၏ institutional ကိစ္စရပ်များဖြစ်သည့် Vision ၊ Mission ၊ Goal များနှင့် လုပ်ငန်းစဉ်များ၊ ရေတို၊ ရေလတ်၊ ရေရှည် နည်းဗျူဟာများနှင့် စီမံချက်များကိုလည်း ဆက်လက် ထုတ်ပြန်သွားပါမည်။ နိုင်ငံတော်၏ကာကွယ်ရေးအစီအစဉ်များ အကောင်ထည်မဖော်နိုင်မီ အချိန်တွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်တွေ့ဖော် ဆောင်နိုင်သည့်ကိစ္စရပ်များကို အကောင်အထည် ဖော်သွားမည် ဖြစ်ပြီး နယ်မြေလုံခြုံရေးအခြေအနေပေါ်မူတည်၍ အခါအားလျော်စွာ အစီအစဉ်များ ပြောင်းလဲရေးဆွဲ သွားပါမည်။

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ